# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တာယာနှင့် ဘတ္ထရီ (၂) မျိုးတို့အား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း Lot (၁) ခု သတ်မှတ်၍ ဈေးနှုန်းစိစစ်ရွေးချယ် ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသူ ကုမ္ပဏီ/အရောင်းဆိုင်များ အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ ပစ္စည်းများကို တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ် ပါသည်-

| Lot No. | DESCRIPTION OF EQUPTINENT | QTY |
|---|---|---|
| ၁ | (က) တာယာဆိုဒ်စုံ | ၆၆ လုံး |
| | (ခ) ဘတ္ထရီဆိုဒ်စုံ | ၂၀ လုံး |

၂။ တင်ဒါတင်သွင်းမည့်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) တင်ဒါအဆိုပြုလွှာများကို ဝန်ကြီးဌာန၊ တင်ဒါကော်မတီဝင်များရှေ့မှောက်ရှိ တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) တင်ဒါယှဉ်ပြိုင်သူများသည် ဝင်ရောက်ယှဉ်ပြိုင်မည့် တင်ဒါစပေါ်ငွေအား မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် (P.O Cheque) ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိသော ကုမ္ပဏီ/အရောင်းဆိုင်များ၏ တင်ဒါစပေါ်ငွေအား (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

(ဂ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီမှ ရွေးချယ်သူထံမှသာ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူမည်။

(ဃ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် တင်ဒါယှဉ်ပြိုင်မည့် ကုမ္ပဏီ/အရောင်းဆိုင်များမှ တင်သွင်းမည့် တာယာနှင့် ဘတ္ထရီများကို အမျိုးအစားအလိုက် နမူနာ (Simple) များကို ပြသစိစစ်ခံယူရမည်ဖြစ်ပြီး တင်ဒါပွဲလာရောက်သူသည် လုပ်ငန်းရှင်ကိုယ်တိုင် (သို့မဟုတ်) ကုမ္ပဏီ/အရောင်းဆိုင်မှ တာဝန်ခံနိုင်သည့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်း တရားဝင်စာ ပူးတွဲတင်ပြနိုင်မည့် ကိုယ်စားလှယ်ဖြစ်ရမည်။

(င) အဆိုပြုလွှာတွင် ဖော်ပြထားသော ဈေးနှုန်းတန်ဘိုးမှာ မြန်မာကျပ်ငွေ ဖြစ်ရမည်။

(စ) ပေးသွင်းမည့်လုပ်ငန်းတွင် အသုံးပြုမည့်ကုန်ပစ္စည်း၏ Specification မှာ ဌာနမှ ရွေးချယ်သတ်မှတ်ထားသည့် ကုန်ပစ္စည်းအမှတ်တံဆိပ် အရည်အသွေးအတိုင်း အတာ နှင့် ထုတ်လုပ်သည့်နိုင်ငံ (C/O) အတိုင်း ဖြစ်ရမည်။

(ဆ) ရွေးချယ်ခံရပါက လုပ်ငန်းရွေးချယ်ခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ပင်ရင်းမှဖြတ်တောက်ခွန် (၂%) ဖြတ်တောက်ပေးချေခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန် (၅%) အား ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရန်ကို သဘောတူရမည်။

(ဇ) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၅၀၀၀ိ/- နှုန်း ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ မော်တော်ယာဉ်ဌာနစိတ်တွင် ဝယ်ယူ ရမည်ဖြစ်ပါသည်။

(ဈ) တင်ဒါပုံစံများတင်သွင်းရာတွင် ကုန်ပစ္စည်း၏ သတ်မှတ်အရည်အသွေး၊ စံချိန်၊ စံညွှန်း နှင့် တန်ဘိုးတို့ကို ပြည့်စုံစွာရေးသားဖော်ပြရမည်။

၃။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် တာယာနှင့် ဘတ္တရီ (၂) မျိုးတို့အား ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် စိစစ်ဝယ်ယူသွားမည်ဖြစ်ပါ၍ တင်ဒါလာရောက်ယှဉ်ပြိုင်ပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေ့ | - | ၁၃-၂-၂၀၁၉ ရက်နေ့ မှ ၂၆-၂-၂၀၁၉ ရက်နေ့ထိ |
| တင်ဒါကော်မတီဖြင့် ဈေးနှုန်းစိစစ်မည့်ရက် | - | (ထပ်မံအကြောင်းကြားပါမည်) |
| ကျင်းပမည့်နေရာ | - | ရုံးအမှတ် (၃) အစည်းအဝေးခန်းမ၊ စီးပွား/ကူးသန်း |
| ဆက်သွယ်ရန်ဖုန်း | - | ၀၆၇-၃၄၀၈၄၀၉ |

**တင်ဒါစိစစ်ရေးအဖွဲ့**